# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်၊ ၃၀-၁၁-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



(၂၇)နှစ်မြောက် မန္တလေးနေ့စဉ်သတင်းစာ နှစ်ပတ်လည်နေ့အား ဂုဏ်ပြုပါ၏။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက် ၊ စနေနေ့။

**မန္တလေး နေ့စဉ်**

## (၂၇)နှစ်မြောက် မန္တလေးနေ့စဉ် နှောင်နှစ်ပေါင်းများစွာတိုင်အောင် တည်ရှိနေမည်

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၃၀ရက်မှ စတင်ထုတ်ဝေဖြန့်ချိခဲ့သော မန္တလေးနေ့စဉ်သတင်းစာသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ၂၇နှစ် သက်တမ်းကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

မန္တလေးနေ့စဉ်သတင်းစာကို မန္တလေးတိုင်းဒေသကြီးအစိုးရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန သတင်းစာဌာနခွဲက ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

သတင်းစာသည် ပြည်သူလူထုအား သတင်းများဖြန့်ချိပေးရာ၊ အသိပညာပေးရာ စည်းရုံးရေးလက်နက်ကောင်းဖြစ်ပြီး နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေးအစရှိသည့်သတင်းများကို ပြည်သူများထံ အိမ်အရောက်ပေးပို့နေသော လူထုဆက်သွယ်ရေးကိရိယာလည်းဖြစ်သည်။

မန္တလေးနေ့စဉ်သတင်းစာတွင် နိုင်ငံတော်အဆင့် သတင်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ သတင်းများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဌာနဆိုင်ရာများ၏ သတင်းများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက်ဖွံ့ဖြိုးတိုးတက်မှုသတင်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပြည်သူများထံသို့ သိသင့်သိထိုက်သည့်သတင်းများ၊ တိုင်းဒေသကြီးနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့တော်စည်ပင်၏ ဆောင်ရွက်မှုသတင်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ အများပြည်သူအတွက် အသိပေးကြေညာချက်များ ပါဝင်ထုတ်ဝေလျက်ရှိသည်။

ထို့အပြင် သတင်းစာ၏ ခေါင်းကြီးပိုင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းတို့နှင့်အတူ နိုင်ငံတကာသတင်းများ၊နိုင်ငံတကာ ရုပ်ရှင်ဂီတသတင်းများ၊ နိုင်ငံတကာအားကစားသတင်းများ၊ အမြို့မြို့အနယ်နယ်မှ သတင်းများနှင့် မှုခင်းသတင်းများ၊ စီးပွားရေးကြော်ငြာ၊ ကြော်ငြာစာများ၊ ဂရန်မြေကြော်ငြာစာ၊ အများသိရှိစေရန်ကြေညာခြင်းများ၊ လူမှုရေးကြော်ငြာ၊ နာရေးကြော်ငြာများလည်းပါဝင်သည်။ သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးနေသည့်အလှအပနှင့် ကျန်းမာရေးကဏ္ဍ၊ စီးပွားကုန်စည်သတင်းများ၊ နိုင်ငံတကာ ထူးဆန်းထွေလာသတင်းများ၊ ရသမှန်ကူကွက်နှင့်မီဒီယာ၊ ပြည်တွင်းရုပ်ရှင်ကဏ္ဍ အစရှိသည်တို့ ပါဝင်သည်။

မန္တလေးနေ့စဉ်သတင်းစာကို အရည်အသွေးမြင့်တင်ပြီး မဟာအောင်မြေမြို့နယ် ၃၅လမ်းနှင့် ၇၁လမ်းအတွင်း သတင်းစာတိုက်တွင် ပတ်လည်ပုံနှိပ်စက်ကြီးဖြင့် စာမျက်နှာ ၂၄ မျက်နှာအား ကာလာစုံ ပုံနှိပ်ဖြန့်ချိလျက်ရှိသည်။ ပြည်သူများ လက်ဝယ်အရောက်ဖတ်စရာ၊ မှတ်စရာကဏ္ဍစုံလင်စွာဖြင့် ထုတ်ဝေလျက်ရှိပါသည်။

သို့ဖြစ်ရာ မန္တလေးနေ့စဉ်သတင်းစာသည်နိုင်ငံတော်၊ တိုင်းဒေသကြီး၊ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ(၂၇)နှစ်မြောက်မှသည် ပုလဲရတု၊ ရွှေရတု၊ စိန်ရတုနှင့်အတူ နှောင်နှစ်ပေါင်းများစွာတိုင်အောင် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဝန်ထမ်းများက ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ပြန်လည်ထူထောင်ရေးဦးစီးဌာန လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)သို့ အပ်ချုပ်စက် ၅ လုံးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၂၉**

၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)သို့ အပ်ချုပ်စက် ၅ လုံးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ ဥက္ကဋ္ဌ ဒေါ်မိမိစိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး) ဂေဟာမှူး ဦးနေအောင်ကျော်နှင့် တာဝန်ရှိသူများက တက်ရောက်ကြပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိစိုးက လူကုန်ကူးခံရသူများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ပေးအပ်လှူဒါန်းခြင်း ရည်ရွယ်ချက်အား ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက ငွေ ၂၅ သိန်းကျပ် တန်ဖိုးရှိ အပ်ချုပ်စက် ၅ လုံးနှင့် တန်ဖိုးငွေကျပ် ၆၂၀၀၀၀ ရှိ အခြေခံစားသောက်ကုန်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် လူကုန်ကူးခံရသူ အမျိုးသမီးများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

## မန္တလေးဈေးကွက်အတွင်း ကားဆိုင်ကယ် အရောင်းအဝယ်အေးနေ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေး ကားအရောင်းအဝယ်ဈေးကွက်အတွင်း အမှန်တကယ်အသုံးပြုရန်အတွက် ဝယ်ယူသူများ ဝယ်ယူမှုရှိခြင်းကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း လမ်း ၆၀ မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ ကားဝယ်ရောင်းလုပ်ကိုင်သူများထံက သိရသည်။

ကားဝယ်ယူမှုကို ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူမှုနည်းပါးနေပြီး လုပ်ငန်းလိုအပ်ချက်နှင့် ကျောင်းကြို၊ ကျောင်းပို့၊ မိသားစုစီးနင်းရန်အတွက်သာ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ် အေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ကားဈေးနှုန်းက အတက်အကျက အတိအကျပြောလို့ မရဘူးဖြစ်နေတယ်၊ အဲဒါကြောင့် ပွဲစားတွေကလည်း သိပ်မဝယ်သလို၊ Showroom တွေကလည်း လိုအပ်ချက်ရှိမှပဲ ပြန်ဖြည့်ဝယ်ယူတဲ့ပုံစံဖြစ်နေတော့ မန္တလေးဈေးကွက်ထဲမှာ ဝယ်ယူမှုနည်းနေတယ်၊ ဒါကြောင့် ဒီလထဲမှာတော့ အရောင်းအဝယ်ကဖြစ်တော့ဖြစ်တယ် မသွက်ဘူး" ဟု အဆိုပါစခန်းရှိ ကားဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကားဈေးကွက်အတွင်း အင်ဂျင်ပါဝင် ၁၃၀၀ စီစီ၊ ၆၆၀ စီစီကားများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး အင်ဂျင်ပါဝါကြီးတော့ ကားအမျိုးအစားများလည်းကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ အင်ဂျင်ပါဝါ ၁၃၀၀ စီစီကားများမှာ ငွေကျပ် သိန်းလေးရာဝန်းကျင်မှ ငွေကျပ်သိန်း ရှစ်ရာဝန်းကျင်ခန့်အထိ အရောင်းအဝယ်ဖြစ်နေသကဲ့သို့ အင်ဂျင်ပါဝါ ၆၆၀ စီစီကားအမျိုးအစားများမှာ ငွေကျပ်သိန်းသုံးရာဝန်းကျင်မှ ငွေကျပ် သိန်းငါးရာကျော်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အလားတူ ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်လများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအကျဘက်သို့ ရောက်ရှိနေသော်လည်း ဈေးကွက်အတွင်း ဝယ်ယူမှုမှာ သိသိသာသာ များပြားလာခြင်းမရှိကြောင်း၊ အသစ်ဆိုင်ကယ်များထက် တစ်ပတ်ရစ်ဆိုင်ကယ် အမျိုးအစားများကို အများဆုံး ဝယ်ယူမှုပြုလုပ်ကြကြောင်း သိရသည်။

"ဆိုင်ကယ်ဈေးနှုန်းကတော့ကျတယ်ပြောလို့ရတယ်၊ တစ်ပတ်ရစ်ထဲမှာတော့ ကောင်းတဲ့ဆိုင်ကယ်ဆိုရင် ဈေးနှုန်းက သိပ်မကျပါဘူး၊ အရောင်းအဝယ်လည်းဖြစ်တယ်၊ အသစ်တွေထဲကတော့ ဝယ်တော့ဝယ်တယ်၊ အဟောင်းလောက်တော့ မများဘူးဗျ၊ အဟောင်းလေးတွေကို ပြန်ပြုပြင်ပြီး စီးကျတဲ့သူများတယ်" ဟု ၅၉လမ်း ဆိုင်ကယ်ရောင်းဝယ်ရေးစခန်းက ဆိုင်ကယ်ဝယ်ရောင်းပွဲစား ဦးတရုတ်က ပြောသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

◌ စာမျက်နှာ ၂၄ မှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း လိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် သုံးဘီးဆိုင်ကယ်တာယာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် ပိုမိုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဈေးကွက်ရရှိရေးဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ငါးသန်းခန့်ရှိပြီး ပြည်တွင်း တာယာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကို အဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ဆိုင်ကယ်တာယာများအပြင် အခြားပြည်တွင်းမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်တာယာများ ဈေးကွက်ရရှိရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေများ ကုန်ကျနေရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှ ထုတ်လုပ်သည့် တာယာများဖြင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်အတွင်း အသုံးများသည့် အမျိုးအစားများကို သိရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက် တိုးမြှင့်ရရှိနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ သက်သာချောင်ချိရေးနှင့် ထိုက်သင့်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့်နိုင်ငံ ဖြစ်သည့်အတွက် လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြုသည့် တာယာများကိုလည်း ထုတ်လုပ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

### ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာယာစက်ရုံ(ရွာမ)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

စာမျက်နှာ ၄ သို့ ◌



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

❖ မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ငါးသန်းခန့်ရှိပြီး ပြည်တွင်းတာယာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကိုအဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်

❖ ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်အတွင်း အသုံးများသည့်အမျိုးအစားများကို သိရှိအောင်ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် တိုးမြှင့်ရရှိနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်





ရန်ကုန်မြို့ပတ် လက်ဝဲရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း စတင်ထွက်ခွာရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit(DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများနှင့် စပိန်နိုင်ငံမှ ဝယ်ယူတင်သွင်းထားသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များကို ရန်ကုန်မြို့ပတ်ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနား ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးက ပြည်သူများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ထူးထူးခြားခြား မှတ်တမ်းပြုရမည့်နေ့တစ်နေ့ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေး၏ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံ၏ ပထမဦးဆုံးနှင့် ရှေးအကျဆုံး သယ်ယူပို့ဆောင်မှုစနစ်တစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်း စတင်ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သည်ကို လေ့လာကြည့်ပါက ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင် ခရီးကို ယခင်က ကွမ်းခြံကုန်းဘူတာဟု အမည်တွင်ခဲ့သည့် ရန်ကုန်ဘူတာကြီးမှ စတင်ဖောက်လုပ်ပြေးဆွဲခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့ဆိုပါက နှစ်ပေါင်း ၁၄၇ နှစ် ကျော်လွန်ခဲ့ပြီ ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ »»»

❂ စာမျက်နှာ ၃ မှ

အဆိုပါ တာယာစက်ရုံ(ရွာမ)မှ ထုတ်လုပ်သည့် TRI STAR တာယာများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရလျက်ရှိပြီး အရည်အသွေးကောင်းမွန် ခိုင်ခံ့မှုများကြောင့် ပြည်ပဈေးကွက်တွင် လူကြိုက်များသည့် တာယာအမျိုးအစားအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သုတေသနပြု ဆန်းစစ်ချက်များအရ ပြည်ပမှ တင်သွင်းသည့် အခြားတာယာများထက် TRI STAR တာယာများသည် အရည်အသွေးကောင်းမွန်ခိုင်ခံ့မှုရှိသည့်အပြင် ဈေးနှုန်းမှန်ကန်စွာဖြင့်လည်း ပြည်တွင်း၌ ဝယ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်ရှိရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေး စခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ၂၀၂၂ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေး စခန်းသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘက်စုံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိလူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်အား အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေးအထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသည့် ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ၏ စားရေးသက်သာချောင်ချိမှု ဖြစ်စေရေးတွင် အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း၊ မဖြစ်မနေ စားသုံးရမည့် အခြေခံစားကုန်များကို ဈေးနှုန်းသက်သာချောင်ချိစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အသားတိုးကြက်၊ ဥစားကြက်၊ ဥစားဘဲတို့ကို တိုးချဲ့မွေးမြူဆောင်ရွက်သွားရန် လိုကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာစီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုး မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»» စာမျက်နှာ ၄ မှ

ထိုကဲ့သို့ ရန်ကုန် - ပြည်ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေး လုပ်ငန်းကို ပိုင်ဆိုင်ထားသည့်နိုင်ငံဟု ဆိုနိုင်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီးရထားစက်ခေါင်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

### ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်

အခြေခံလူတန်းစား ပြည်သူအများစု နေ့စဉ်နှင့်အမျှ အဓိကအားကိုးအားထား ပြုနေရသည့် ရထား သယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်ဟု သုံးသပ်ဖော်ထုတ်နိုင်ကြောင်း၊ စရိတ်စက သက်သာစွာဖြင့် ခရီးသည်အများအပြားကို လိုရာခရီးသို့ ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးသို့ ကုန်ကျစရိတ် ကျဉ်းကျဉ်းနှင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ယင်းတို့သည် ရထားပို့ဆောင်ရေးလုပ်ငန်း၏ ထင်ရှားသည့် အဓိကအားသာချက်များပင်ဖြစ်ကြောင်း။

### ပံ့ပိုးဖြည့်ဆည်းပေး

ရထားသည် မော်တော်ကားနှင့် နှိုင်းယှဉ်ပါက တူညီသည့်ကုန်စည်ပမာဏနှင့် ခရီးအကွာအဝေးအတွက် လောင်စာဆီကို လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံအတွင်းသာ သုံးစွဲကုန်ကျကြောင်း၊ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျှော့ပါးသက်သာစေပြီး ယာဉ်ကြောကျပ်တည်းမှု ပြဿနာကိုလည်း လျှော့နည်းစေကြောင်း၊ ထိုကဲ့သို့ အချက်များကြောင့် နိုင်ငံအသီးသီးတွင်လည်း ရထားလုပ်ငန်း ရေရှည်ရပ်တည် ရှင်သန်နိုင်ရေးနှင့် တိုးတက်ရေးကို အလေးထားလုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ရှိသူများနှင့် မကြာခဏ တွေ့ဆုံပြီး ရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

**❖ ရန်ကုန် - ပြည်ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်ထားသည့်နိုင်ငံဟု ဆိုနိုင်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့**

ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ပြီး ချောမွေ့မှုရှိစေရေး ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်း အင်ဂျင်နီယာပညာရှင်များကို အဓိကအားထားပြီး နည်းပညာများ တိုးတက်လာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးကို မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးကို ပြည်တွင်း၌ပင် ထုတ်လုပ်တည်ဆောက်နိုင်ရေးနှင့် သုတေသနပြုနည်းပညာများမှတစ်ဆင့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်တစ်ခုအဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ခေတ်မီ DEMU ရထားတွဲဆိုင်း အသစ်များဖြင့် စတင်ပြေးဆွဲခြင်းကို ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ ရန်ကုန်မြို့ပတ်ခရီးစဉ်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စာမျက်နှာ ၆ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

»» စာမျက်နှာ ၅ မှ

မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မီးရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျ လိုက်နာစီးနင်းပြီး ရထားလမ်းပိုင်းများနှင့် ဘူတာများ သန့်ရှင်းသပ်ရပ်ရေး ပိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မီးရထားလမ်းပန်းဆက်သွယ်ရေး လုံခြုံမှုပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် ယနေ့စတင်ပြေးဆွဲသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းများကို အသုံးပြုပြီး ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့အသုံးပြု ပြေးဆွဲနိုင်စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့်လည်း ရထားစီးခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးကို အဆင်ပြေ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးနှင့် ပြည်သူကို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရေးကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်းစွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း ဆောင်ရွက်ခြင်းနှင့် DEMU ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုကဲ့သို့ ရန်ကုန်မြို့ပတ် ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့်အတူ DEMU ရထားတွဲဆိုင်းအသစ်များ ပြေးဆွဲပေးသည့်အတွက် ရန်ကုန်မြို့တွင် နေထိုင်ကြသည့် ခရီးသွား ပြည်သူများအနေဖြင့် သက်သောင့် သက်သာရှိစွာ၊ စိတ်လက်ချမ်းသာစွာဖြင့် အဆင့်မီမီ လိုက်ပါစီးနင်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိသည့် မိမိတို့ရန်ကုန်မြို့ကြီးအတွက် မဖြစ်မနေအသုံးပြုသင့်သည့် များစွာအကျိုးရှိသည့် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ပတ်လက်ယာရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် လိုက်ပါစီးနင်းပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ပတ်ခရီးစဉ် ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြရာ ကျောင်းသူလေးများနှင့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက ကြိုဆိုကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးရထားစက်ခေါင်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ပတ်လက်ဝဲရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း စတင်ထွက်ခွာရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရန်ကုန်မြို့ပတ်လက်ယာရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း အသစ်များဖြင့် လိုက်ပါစီးနင်းပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းများအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကြောင်း၊တည်ဆောက်ရေးကာလကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများနှင့်အတူ စပိန်နိုင်ငံမှဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU လေအေးစက်ပါ ရထားတွဲဆိုင်းအသစ်များအသုံးပြုပြီး မြို့ပတ်ရထားစီး ခရီးသွားပြည်သူများကို ပိုမိုအဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလိုအလျောက်မီးရောင်ပြောင်း အချက်ပြနှင့်ဆက်သွယ်ရေးစနစ်များ တပ်ဆင်ပြီး ခေတ်မီရထားပြေးဆွဲမှုစနစ်ဖြစ်သည့်အတွက် ယခင်က ပြေးဆွဲမှု တစ်နာရီ ကီလိုမီတာ ၄၀ နှုန်းမှ ကီလိုမီတာ ၆၀ နှုန်းအထိ တိုးမြှင့်ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း၊ နေ့စဉ် RBE ရထားအစင်း ၂၀ နှင့် DEMU ၁၅ စင်းအသုံးပြုပြီး အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်သဖြင့် ခရီးသွားပြည်သူများအနေဖြင့် မြို့ပတ်ရထားများကို ယခင်ကထက် ပိုမိုမြန်ဆန် အဆင်ပြေချောမွေ့စွာဖြင့် လိုရာခရီးသို့ စီးနင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ သို့»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားနှင့် မီးခွက်ဈေးအကြားရှိ ရေမြောင်းများ ထိန်းသိမ်းပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းတစ်လျှောက် အရိပ်ရသစ်ပင်များ စနစ်တကျစိုက်ပျိုးထားရှိရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံအတွင်း ဘက်စုံသုံး အဆောက်အအုံများ၊ ပျော်ပွဲရွှင်ပွဲ ကျင်းပရန်နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များအပါအဝင် အများပြည်သူအပန်းဖြေရန်နေရာများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့တော်ဝန် ဦးဗိုလ်ဌေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရင့်နောင်ပန်းခြံအတွင်း ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့မှုနှင့် ပြည်သူအများအပြားပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊ လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လှိုင်သာယာတိုးချဲ့ပန်းခြံ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး၊ ရေဝင်ရေထွက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်သည် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်ကြသူများအများအပြားနေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့နယ်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့အကွက်ချပုံကို စနစ်တကျဖြင့် ရေးဆွဲဖော်ဆောင်ထားသည့်မြို့ဖြစ်သဖြင့် အဆင့်မီသည့် မြို့တစ်ခုဖြစ်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည် ဖြစ်ကြောင်း၊ မြို့နေပြည်သူလူထုနှင့်ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကို ဖော်ဆောင် ပေးရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ နေထိုင်သူများ ကျန်းမာရေး ကောင်းမွန်စေရေး၊ သန့်ရှင်းမှုစနစ်တကျရှိစေရေး၊ ရေလုံလောက်စွာရရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အများအသုံးပြုရန် ကောင်းမွန်သည့် သုံးရေရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ကောင်းမွန်မှသာလျှင် အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူလူထု ကျန်းမာရေး

စာမျက်နှာ ၈ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူများက မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့ အကွက်ချပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

☆ စာမျက်နှာ ၇ မှ

ကောင်းမွန်မှုရှိရန် မိမိတို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေဝင်ရေထွက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့ပြများ၌ စိမ်းလန်းစိုပြည်ရေး Green Zone ကို ဖော်ဆောင်ရာတွင် သုံးမိုင်ပတ်လည် အကွာအဝေးအတွင်း၌ Green Zone များ ဖော်ဆောင်ပေးထားရန်နှင့် အိမ်ခြံဝင်းများ လမ်းဘေးဝဲယာများ၌လည်း သစ်ပင်များစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မူဝါဒချမှတ်ပေးထားပြီး ဖြစ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**အကွက်ချပုံစံငယ်အားကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ် အကွက်ချပုံစံငယ်အား ကြည့်ရှု၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တက္ကသိုလ်အတွင်း ဆောက်လုပ်လျက်ရှိသည့် ပင်မသုံးထပ် စာသင်ဆောင်အသစ်အတွင်းရှိ ခန်းမဆောင်အတွင်း၌ ပါမောက္ခချုပ်က တက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့်ပြည့်မီစေရေးအတွက် တိုးချဲ့စာသင်ဆောင်များနှင့် ခန်းမများ၊ အခြား အထောက်အကူပြုအဆောင်များ တည်ဆောက်ရာတွင် အသေးစိတ်ကအစ ထည့်သွင်းတွက်ချက်စဉ်းစားကာ ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ လူသွားလမ်းများ၊ အားကစားပြုလုပ်ရာနေရာများနှင့် အပန်းဖြေနေရာများ ဆောင်ရွက်ရာ၌ ကျောင်းသားဦးရေအချိုးနှင့်ကိုက်ညီသည့် အကျယ်အဝန်းများနှင့် အကွာအဝေးများဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မသုံးထပ် စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

»»» စာမျက်နှာ ၆ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းအား လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့် မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများ၊ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ရထားတွဲဆိုင်း(Electric Multiple Unit) ရရှိရေး ဆောင်ရွက်ထားမှုအစီအစဉ်များ၊ RBE (Rail Bus Engine)များအား Battery Electric Multiple Unit (BEMU) အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆောင်ရွက်ထားမှု၊ EMU စနစ်၊ BEMU စနစ်တို့ကို ပြောင်းလဲပြေးဆွဲနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ၊ မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၊ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်ရထားတွဲဆိုင်း (Electric Multiple Unit) နှင့် လျှပ်စစ်စက်ခေါင်း (Electric Locomotive) ရရှိရေးဆောင်ရွက်ထားမှုအစီအစဉ်၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား Battery Electric Locomotive အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆောင်ရွက်ထားမှုအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်**

ရှင်းလင်း တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ရထားလမ်းတစ်လျှောက် ဓာတ်အားလိုင်းများ တည်ဆောက်၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် ဘက်ထရီဓာတ်အားပေးစနစ်သုံး တွဲဆိုင်းများနှင့် စက်ခေါင်းများကို အသုံးပြု၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းဟူ၍ နှစ်မျိုး တွေ့ရှိရကြောင်း၊ ဘက်ထရီ ဓာတ်အားပေးစနစ်သုံး လျှပ်စစ်ရထား ကွန်ရက်တည်ဆောက်ရာတွင် မြို့ပတ်ရထားနှင့် ခရီးရထားများအတွက် ရှိပြီး RBE တွဲများကို ဘက်ထရီစနစ် BEMU အဖြစ် ပြောင်းလဲအသုံးပြုနိုင်ပြီး ခရီးဝေးရထားများအတွက် ရှိပြီး ဒီဇယ်လျှပ်စစ် စက်ခေါင်းအား ဘက်ထရီ လျှပ်စစ်စက်ခေါင်း Battery Electric Locomotive (BEL) အဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ နည်းပညာ တိုးတက်လာမှု၏ အကျိုးကျေးဇူးအရ လျှပ်စစ်ရထားကွန်ရက်စနစ်ကို လက်ရှိရထားစနစ်အတွင်း၌ပင် သက်သာ ထိုက်သင့်သည့် ငွေကြေးကုန်ကျမှုနှင့် အချိန်တိုအတွင်းတည်ဆောက်နိုင်မည့် အလားအလာဖြစ်ကြောင်း၊ EMU စနစ်မှ BEMU စနစ် ပြောင်းလဲခြင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား BEL စက်ခေါင်းတွဲအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်သွားရန်လိုပြီး ဘက်ပေါင်းစုံမှ စနစ်တကျ တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများသည် စက်မောင်းဆီကို အသုံးပြု၍ မောင်းနှင်ရခြင်းဖြစ်သဖြင့် စက်မောင်းဆီအတွက် ကုန်ကျစရိတ်များရှိကြောင်း၊ BEL စက်ခေါင်းတွဲများအဖြစ် ပြောင်းလဲ တည်ဆောက်အသုံးပြုပါက စက်သုံးဆီအတွက် ကုန်ကျမှုမရှိတော့ကြောင်း၊ ကုန်ကျစရိတ်နည်းပါးစွာဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ အဆိုပါ စက်ခေါင်းတွဲများသည် ဒီဇယ်လျှပ်စစ်သုံး စက်ခေါင်းများထက် ပိုမိုလျင်မြန် မြန်ဆန်လာမည်ဖြစ်သဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဦးစားပေးတွက်ချက် ဆောင်ရွက်သွားရန်လိုပြီး အချက်ပြနှင့် ဆက်သွယ်ရေး ဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းပိုင်းလမ်းနယ်တစ်လျှောက် ခြံစည်းရိုးများကာရံခြင်း၊ ရေထွက်စနစ်များ ကောင်းမွန်စေရန်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်မည့်ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရမည်ဖြစ်ကြောင်း၊ ရထားတွဲများ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းများ၊ မီးရထားလမ်းကူးတံတားများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)မှ မီးရထားဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

နိုင်ငံတော်အနေဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရန် စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က ခရီးတိုပြေးဆွဲခြင်းများတွင် RBE စက်ခေါင်းများကို အသုံးပြု၍ ခရီးရှည် ပြေးဆွဲခြင်းများတွင် ဒီဇယ်စက်ခေါင်းများကို အသုံးပြုခဲ့ကြောင်း၊ လျှပ်စစ်ရထားများ ပြေးဆွဲရာတွင် ရထားလမ်းတစ်လျှောက် လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် အချိန်များစွာပေးရမည်ဖြစ်ကာ ကုန်ကျစရိတ်များလည်း များပြားမည်ဖြစ်ကြောင်း၊ ယခုအခါ တိုးတက်လာသည့် နည်းပညာများနှင့်အညီ ဘက်ထရီ နည်းပညာများ သည်လည်း တိုးတက်လာပြီဖြစ်သဖြင့် BEMU စက်ခေါင်းများနှင့် BEL စက်ခေါင်းများကို ပြောင်းလဲအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ စွမ်းအင်များကိုလည်း ချွေတာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်များစွာ အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ BEMU စက်ခေါင်းများနှင့် BEL စက်ခေါင်းများကို ပြောင်းလဲအသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် မကြာမီ ကာလများအတွင်း၌ မိမိတို့နိုင်ငံတွင် အဆိုပါစက်ခေါင်းများဖြင့်ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို တွေ့မြင်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံ " စီးပွားရေးပညာ နှစ် (၁၀၀) " ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံ " စီးပွားရေးပညာ နှစ် (၁၀၀) " ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ"စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II )၌ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ် (၁၀၀)ရာပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စီးပွားရေး ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ စီးပွားရေးဆိုင်ရာ တက္ကသိုလ်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ဟောင်းများ၊ စာတမ်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က မြန်မာနိုင်ငံ "စီးပွားရေး ပညာနှစ် (၁၀၀)" ရာပြည့်အထိမ်း အမှတ်လက်ဆောင်ကို လက်ဝယ် အရောက် ပေးအပ်သည်။

## ဂုဏ်ပြုလက်ဆောင် ပေးအပ်

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်တို့မှ ပါမောက္ခချုပ် များနှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီ ကောလိပ် ကျောင်းအုပ်ကြီးတို့ကို မြန်မာနိုင်ငံ " စီးပွားရေးပညာ နှစ် (၁၀၀) " ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အနုပညာရှင်တစ်ဦးအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်စဉ်။

သည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး တို့သည် အခမ်းအနားသို့ တက် ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန တို့မှ အနုပညာရှင်များ၊ စီးပွားရေး တက္ကသိုလ်များမှ ကျောင်းသား ဟောင်းများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများက တေးသံသာများ၊ အကအလှများ ဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြ သည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်သည် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် အနုပညာရှင် များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြ ကြောင်း သိရသည်။

သတင်းစဉ်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ " စီးပွားရေးပညာ နှစ် (၁၀၀) " ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ရှမ်းပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)ကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။







ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင်သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါသည်–

နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်သားတွေကိုလည်း ပိုပြီးလေးစားလာတယ်။ တပ်မတော်သား တစ်ယောက်ဖြစ်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ တစ်ခါစစ်သားဖြစ်ဖူးရင် ထာဝရစစ်သားဆိုတဲ့စကားလိုပါပဲ။ စစ်မှုထမ်းကာလတစ်လျှောက်မှာ တာဝန်တွေကို ကျေပွန်အောင်ကြိုးစားမယ်။ စစ်မှုထမ်းကာလပြီးဆုံးလို့ တိုင်းပြည်ကလိုအပ်လာရင်လည်း တာဝန်ထမ်းဆောင်ဖို့ အသင့်ပါပဲ။

တပ်မတော်သားတိုင်းဟာ သူ့တာဝန်သူရှိတယ်။ အမိန့်ဆိုတဲ့စကားလုံးနောက်က သွားတာပေါ့။ တာဝန်ယူပြီး အလုပ်လုပ်ကိုင်ရတယ်။ တပ်မတော်သားတွေကို ကိုယ်ချင်းစာတတ်လာပါတယ်။ သင်တန်းဆင်းရတော့မယ်ဆိုတော့ ကျရာမိခင်တပ်ရင်းတွေမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာ အတတ်နိုင်ဆုံးထမ်းဆောင်ပြီးတော့ အမိမြန်မာနိုင်ငံတော်ကြီးကို အတတ်နိုင်ဆုံးအသက်နဲ့လဲပြီး ကာကွယ်သွားမယ်လို့ ခံယူထားပါတယ်။ သင်တန်းအပတ်စဉ်တွေကို ထပ်လာမယ့် ညီငယ်တွေအားလုံးကိုလည်း ဆရာတွေပြောတဲ့အတိုင်း သေချာလိုက်နာဆောင်ရွက်ပြီး သင်တန်းတွေအားလုံးကို လာရောက်သင်ကြားစေချင်ပါတယ်။ စစ်ပညာဆိုတာ အခုလို ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်လှစ်လို့သာ ကျွန်တော်တို့လည်း တတ်ရောက်ခဲ့တယ်ဆိုပေမယ့် မြန်မာနိုင်ငံသားတိုင်း စစ်ပညာတတ်ကျွမ်းဖို့ လိုအပ်ပါတယ်။

ပြည်သူ့သားကောင်း တစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန်ကို ကျွန်တော့်လိုမျိုးပဲ လာရောက်ထမ်းဆောင်ဖို့ကိုလည်း ကျွန်တော်က ဖိတ်ခေါ်ပါတယ်။ တပ်မတော်ဆိုတာတကယ်သာလိုက်နာနိုင်ရင် တကယ့် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ လေ့ကျင့်မွေးထုတ်ပေးတဲ့ ကျောင်းတော်ကြီးပဲ။ အဲဒါကြောင့် လာရောက်တက်စေချင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တနင်္သာရီတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားသို့ တက်ရောက်





**မန္တလေး နိုဝင်ဘာ ၂၉**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

၎င်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စာပေဖတ်ရှုသည့်အလေ့အထများ လူငယ်များအကြား ရှင်သန်ခိုင်မာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိပါကြောင်း၊ ယနေ့လူငယ်များအပါအဝင် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များစွာ ဖန်တီးပေးနိုင်ရန်၊ စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးနိုင်ရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် စာအုပ်စာစောင်များကို တိုင်းဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးထံသို့ လည်းကောင်း ပေးအပ်ပြီးနောက် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ (၁၂)ကြိမ် ကျင်းပသွားမည်ဖြစ်ရာ ယခုအခမ်းအနားသည် နဝမအကြိမ်ဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



















# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာ နိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင် များအသင်းတို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေး သာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး ကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချ ပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချ နေမှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ စီးပွား ရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများ က အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီပိုင်ဈေးများ နှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူး ရောင်းချပေးသော အဆိုပြုဆီဆိုင် များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်း ချပေးလျက်ရှိကြောင်း သိရ သည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀



# မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်

**ကသာ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် မြို့ နယ်ပညာရေးမှူးရုံးမှ ကြီးမှူး ကျင်းပသော မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့ကြ သော ကျောင်းသား၊ ကျောင်းသူများ အား ဆုချီးမြှင့်ပွဲအခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း အောင်ဆန်းခန်းမ ၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။



အဆိုပါ အခမ်းအနားကို အမှတ်(၃)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "ဘက်စုံ ပညာကိုရည် တို့လှမ်းချီ" သီချင်း ဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ခံခရိုင်ပညာရေးမှူး ဦးမြင့် စိုးနှင့် တာဝန်ခံမြို့နယ်ပညာ ရေးမှူး ဦးအောင်ကိုမင်းတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆုရကျောင်း သား၊ ကျောင်းသူနှစ်ဦးတို့က အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၏ အတွေ့ အကြုံများနှင့် ကျောင်းစာကြည့် တိုက်ကိုသွားရခြင်း၏ အကျိုး ကျေးဇူးများအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲတို့တွင် ထူးချွန် ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူ များက ဆုများအသီးသီး ချီးမြှင့် ပေးအပ်ခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို အမှတ် (၃)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "ပန်းတိုင်း ပွင့်ပြီ ဉာဏ်ဌာနီ" သီချင်းဖြင့် သီဆိုပိတ်သိမ်းခဲ့ကြောင်းနှင့် ဆုရ ကျောင်းသား၊ ကျောင်းသူများ နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# ၂၀၂၄ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

၂၀၂၄ခုနှစ် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက် ရေး ၁၆ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမ တွင်ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသ ကြီးတရားလွှတ်တော် တရားသူ ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူ များ၊ ၎င်းတို့၏ဇနီးများ၊ တိုင်း ဒေသကြီး အမျိုးသမီးကော်မတီ ဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်း၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် အမျိုး သမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်း လို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့ ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများနှင့် မိန်းကလေး ငယ်များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ အမျိုး သမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်း ချမ်းရေးနှင့် ကျားမရေးရာ တန်းတူညီမျှရေးတို့ကို အားလုံး ဝိုင်းဝန်းပူးပေါင်းကာ မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါ ကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ၂၀၂၄ခုနှစ် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အသိ ပညာပေး Video Clip အားလည်း ကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနရှိ အမျိုးသမီးသက်မွေးအတတ် ပညာသင်ကျောင်း၊ နားမကြား သောကလေးများကျောင်း၊ ပြည်လုံး ချမ်းသာပရဟိတဂေဟာ၊ အမျိုး သမီးကလေးများ သင်တန်း ကျောင်း၊ အေးရိပ်မွန်အမျိုးသမီး ပရဟိတဂေဟာတို့မှ အမျိုးသမီး ငယ်လေးများ၏ ဂုဏ်ပြုသီဆို တေးသရုပ်ဖော်ကပြမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**












## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**တာလေ နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်ငှားရမ်းပေးခဲ့သည်။



ထိုသို့ ငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသ စာအုပ်ပေါင်း ၁၅၀ ကို သယ်ဆောင်၍ တာလေမြို့ရှိ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ အ.ထ.က(တာလေ)ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အမှတ်(၃)ရပ်ကွက်နေ ပြည်သူများထံမှ ယခင်အပတ် ငှားရမ်းထားသော စာအုပ်၊ စာစောင်များ ပြန်လည်အပ်နှံမှုကို လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တာလေမြို့ရုံးအနေဖြင့် စာချစ်သူ မိဘပြည်သူများနှင့် လူငယ်လူရွယ်များ၊ စာပေဝါသနာရှင်များအချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့်အလေ့အထများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလာရောက် ငှားရမ်းဖတ်ရှုနိုင်ခြင်း မရှိသည့် စာဖတ်ပရိသတ်များ အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်စေရန်ရည်ရွယ်၍ အပတ်စဉ် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## ပြင်ဦးလွင်မြို့နယ် တန်ခူးခင် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၉**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန်နှင့် လူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ လူငယ်ရေးရာ ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် တန်ခူးခင် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပရာ ရှေးဦးစွာ တန်ခူးခင် ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌ ဗိုလ်မှူးမျိုးမင်းက "လူငယ်နှင့်ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Women Club အသင်းဥက္ကဋ္ဌ ဒေါ်ကြူကြူက "သက်ငယ်စကား သက်ကြီးကြား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသတင်းနှင့် သတင်းစာအသင်း (ပြင်ဦးလွင်)ဥက္ကဋ္ဌ ဒေါ်အေဇင်မေက "ကိုယ့်အလုပ် ကိုယ်လုပ်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကိုရွှေအောင်သင်းက "ဘဝလှဖို့စာဖတ်စို့" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့သော ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တန်ခူးခင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

သွေးသွေး(ခရိုင်ပြန်/ဆက်)

*-*-*-*-*




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## မန္တလေးနေ့စဉ်သတင်းစာ အလင်းဖြာမြဲ သာဆဲပါ

* ဗျာဒိတ်ညွှန်းဖော်
ရွှေပြည်တော်နန်း
"မန္တလေး"ဟု
အစွဲပြုရာ
သတင်းစာသည်
အလင်းဖြာမြဲ သာဆဲပါ ။

* "အလင်းပမာ သတင်းစာ"ဟု
ညွှန်းကာပြုသည်
ပြည်သူ့အမြင်
ကြည်သန့်စင်အောင်
အမှောင်ကိုခွင်း အလင်းဆောင် ။

* "ပြတင်းပမာ သတင်းစာ"ဟု
နှိုင်းရာပြုသည်
မျှော်ရှုကမ္ဘာ
လောကလွှာအား
သာယာတင့်အောင်
လှုဘောင်ကောင်းကျိုး တန်ဖိုးဆောင် ။

* "ပေါင်းကူးပမာ သတင်းစာ"ဟု
တိုင်းတာပြုသည်
ပေါင်းစည်း၍
အရှေ့အနောက်
တောင်မြောက် စပ်ဆက်
ကွန်ရက်မီဒီယာ ခေတ်သစ်ဆောင် ။

* ပြည့်တံခွန်တိုင်
မန်းမဏ္ဍိုင်အဖြစ်
ခိုင်ခိုင်ဖွံ့ဖွံ့
အညွန့်ဝေစေ
အစွန့်ရှည်ကြောင်း
အောင်ကြောင်း ပဏ္ဏာ ဆုပန်လွှာ
အလင်းဖြာမြဲ သာဆဲပါ ။ ။

နိုင်စေရ (မန်းတက္ကသိုလ်)

## မြို့မဈေးအတွင်း ဆန်နှင့်စားသုံးဆီ ရောင်းချမှုအား ရှောင်တခင်စစ်ဆေးဆောင်ရွက်

**ရပ်စောက် နိုဝင်ဘာ ၂၉**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးအတွင်း၌ လက်ကား/လက်လီ ရောင်းချသည့် ဆန်နှင့်စားသုံးဆီများတွင် ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ/မရှိ၊ မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယမန်နေ့က နံနက် ၁၀ နာရီတွင် မြို့မဈေးအတွင်းရှိ ဆိုင်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ) (ကဆ)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များ၊ ပြင်ပဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြများ၊ မြို့တော်စည်ပင်ဌာန (၁၄)ခုမှ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူ (၃၀)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်ဦးကျော်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် (၄-၁၁-၂၀၂၄)မှ (၂၉-၁၁-၂၀၂၄)ရက်အထိ ရက်သတ္တပတ် (၄)ပတ်တာ ဖွင့်လှစ်ခဲ့သည့် ရုံးလုပ်ငန်းသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် မြို့တော်စည်ပင်ဝန်ထမ်းများအနေဖြင့် ကော်မတီ၏ ဌာနကြီး (၁၄)ခု၏ လုပ်ငန်းသဘောသဘာဝများအပြင် ရုံးလုပ်ငန်းဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်းတိုင်း ထမ်းဆောင်ရမည့် တာဝန်၊စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းအစရှိသည်တို့ကို ကော်မတီ၏ နည်းပြများက သင်ကြားပို့ချပေးခဲ့သည့်အပြင် ဥပဒေပညာရပ်ဆိုင်ရာ အခြေခံများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ လုံခြုံရေးဆိုင်ရာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လူမှုဖူလုံရေးဆိုင်ရာ မီးဘေးလုံခြုံရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးပညာရပ်ဆိုင်ရာ အသိပညာများနှင့် သင်တန်းပို့ချသူဆရာ၊ ဆရာမများ၏ အတွေ့အကြုံများကိုပါ ကော်မတီတွင်းမှသာမက ပြင်ပဌာနဆိုင်ရာ အသီးသီးမှ နည်းပြများကိုပါ ဖိတ်ကြား၍ အချိန်တိုအတွင်း သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းဆင်းဝန်ထမ်းများအနေဖြင့် သင်တန်းက သင်ကြားပေးလိုက်သည့် အသိပညာရပ်များသည် အခြေခံသဘောတရားများသာဖြစ်၍ မိမိလုပ်ငန်းခွင်မှာ ဆက်လက်ပြီး လေ့လာကြိုးစားဆောင်ရွက်ကြရန်နှင့် မိမိအားပေးအပ်ထားသည့်တာဝန်ကို အချိန်တိုအတွင်းပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အတွင်း နေထိုင်သူပြည်သူများထံမှ ဥပဒေနှင့်အညီ ထိုက်သင့်သော အခွန်အခများကို ကောက်ခံပြီးမှ ရရှိလာသည့် ဘဏ္ဍာငွေအပေါ် မူတည်၍ နှစ်အလိုက် မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရခြင်းဖြစ်သည့်အတွက် ဌာနအသီးသီး၏ ဘဏ္ဍာနှစ်အလိုက် သတ်မှတ်လျာထားပြီးဖြစ်သည့် အခွန်အခများကို သတ်မှတ်လျာထားချက်အတိုင်း အပြည့်အဝရရှိရေး ကြိုးစားကောက်ခံဆောင်ရွက်ပေးကြဖို့ကိုလည်း မှာကြားလိုကြောင်း။

ကောက်ခံရရှိလာသည့် အခွန်အခငွေကြေးများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် မိမိတို့အသုံးပြုနေသော ဌာနပိုင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ မော်တော်ယာဉ်နှင့် စက်ယန္တရားများကိုလည်း မိမိပိုင်ပစ္စည်းကဲ့သို့ ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် အလေအလွင့်မရှိစေရေးတို့အတွက် စာရင်းဇယားများဖြင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသုံးစွဲဆောင်ရွက်သွားကြဖို့ကိုလည်း မှာကြားလိုကြောင်း။

ဝန်ထမ်းများအနေဖြင့် အထက်မှပေးအပ်သည့် အမိန့်နှင့်တာဝန်ကို လေးစားစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပြီး သို့မှသာ နောက်လိုက်ကောင်းတစ်ဦးဖြစ်လာကာ နောင်တွင် ခေါင်းဆောင်ကောင်းတစ်ယောက် မလွဲဧကန်ဖြစ်လာမှာဖြစ်ကြောင်း။ နေ့စဉ်လုပ်ဆောင်ရန် ကိစ္စရပ်များ မိမိကြောင့် ကြန့်ကြာမှုမရှိစေဘဲ လျင်မြန်စွာ စိစစ်ဆောင်ရွက်ပေးကြဖို့နှင့် ရုံးလုပ်ငန်းများကို အဆင့်ဆင့်နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် အဆင့်ဆင့်စိစစ်တင်ပြဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

သင်တန်းသားများအားလုံးကို အထူးမှာကြားလိုသည်မှာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ပြောဆိုလိုက်နာဆောင်ရွက်ကြရန်၊ အထက်မှ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်အောင် စိတ်ထားကောင်းဖြင့် ဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းအချင်းချင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်၊ ဌာန၏ ဂုဏ်သိက္ခာစွမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသင်ယူလိုက်နာဆောင်ရွက်ပေးကြရန်၊ ပြည်သူလူထုအတွက် လုပ်ကျွေးပြုစုနိုင်သည့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာအောင် ကြိုးပမ်းကြရန်၊ မိမိတို့လုပ်ငန်းအပေါ် စေတနာအပြည့်အဝထားရှိလုပ်ဆောင်ပေးကြရန်နှင့် လုံခြုံရေးသတိအမြဲရှိကြရန်တို့ကို မှာကြားလိုကြောင်း။

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဆိုတဲ့အတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်တာဝန်များကို ကျေပွန်စွာလိုက်နာထမ်းဆောင်ဖို့နှင့် မိမိတို့အား ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် နေ့စဉ် ကြိုးစားလျက် ဝန်ထမ်းကောင်းများဖြစ်အောင် တာဝန်ယူ ကြိုးစားဆောင်ရွက်ကြပါ"ဟု တိုက်တွန်းပါကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းတွင် ထူးချွန်ပထမဆုရ၊ ဒုတိယဆုရ၊ တတိယဆုရသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းထူးချွန်ဆုရ (၃)ဦးအား ဂုဏ်ပြုဆုနှင့်အမှတ်တရလက်ဆောင်ကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးက ပြင်ပနည်းပြ ဆရာများကို အမှတ်တရလက်ဆောင်ကိုလည်းကောင်း၊ ကော်မတီဝင်(၁)က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံသို့လည်းကောင်း အသီးသီးပေးအပ်ကြပြီးနောက် မြို့တော်ဝန်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့သည် တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀











# ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာန၌ မီးသတ်ကျင့်ဝတ် စာမေးပွဲဖြေဆို ယှဉ်ပြိုင်

**ပုသိမ်ကြီး နိုဝင်ဘာ ၂၉**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုဝင်ဘာ ၂၈ ရက် နံနက် ၉နာရီက မြို့နယ်မီးသတ်စခန်းတွင် မီးသတ်ကျင့်ဝတ်ဖြေဆိုပွဲ ကျင်းပသည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မြို့နယ်အဆင့် မီးသတ်ကျင့်ဝတ်ဖြေဆိုပြိုင်ပွဲများ ကျင်းပရာတွင် အရာရှိအဆင့်နှင့် အကြပ်အဆင့် ရှစ်ဦး၊ ရေးဖြေစစ်ဆေးပြီး တပ်သားအဆင့် ခုနစ်ဦး နှုတ်ဖြေဖြင့် စုစုပေါင်း သန္နတပ်ဖွဲ့ဝင် ၁၅ ဦး ပါဝင်ဖြေဆိုခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၉၅)



# ၂၇ နှစ်တာ မန္တလေးနေ့စဉ်ဖြတ်သန်းခြင်း

အောင်မင်းဦး(မန္တလေးနေ့စဉ်)



(၂၂-၁၁-၂၀၂၄) စာမျက်နှာ-၁၇ မှ အဆက်

**'သတင်းဆိုတာဘာလဲ'**

သတင်းစာဆရာရဲ့အလုပ်က သတင်းယူဖို့ပါပဲ။ နိစ္စဓူဝအဖြစ်အပျက်တွေက အများကြီးပါပဲ။ အဲ့ဒါတွေအားလုံးကို သတင်းအဖြစ်နဲ့ ရေးသားတင်ပြဖို့ မလိုအပ်ပါဘူး။ ဒီတော့ သတင်းဆိုတာဘာလဲ။ စာဖတ်ပရိသတ်က ဘယ်လိုသတင်းအချက်အလက်မျိုးကို ဖတ်ချင်တာလဲ။ ဒါဟာ သတင်းစာဆရာတစ်ယောက်ရဲ့ နေ့စဉ်စဉ်းစားဆုံးဖြတ်ရတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။

သတင်းဆိုတာ လူအများစုကြီးအတွက် အရေးကြီးတဲ့၊ သူတို့စိတ်ဝင်စားတဲ့ အကြောင်းအချင်းအရာတွေပဲဖြစ်ပါတယ်။ ဒါဟာ နိစ္စဓူဝဖြစ်ပျက်နေတာမျိုးနဲ့ ကွာပါတယ်။

သတင်းဆိုတာ ဖြစ်ပျက်နေကျမျိုး မဟုတ်ပါဘူး၊ သတင်းနဲ့ပတ်သက်ပြီး ထင်ရှားတဲ့ ဖွင့်ဆိုချက်တစ်မျိုးကတော့ ခွေးကလူကို ကိုက်တာ သတင်းမဟုတ်ဘူး။ လူက ခွေးကို ကိုက်ရင်တော့ ဒါသတင်းပဲလို့ ဆိုထားပါတယ်။ဘန်ကောက်ပို့စ်သတင်းစာမျက်နှာဖုံးမှာ သူ့ခွေးရဲ့ လည်ကုတ်ကို ကိုက်တဲ့အတွက် အဖမ်းခံရတဲ့ လူတစ်ယောက်အကြောင်းကို ဖော်ပြခဲ့ဖူးပါတယ်။ အဲ့ဒီလူက သူဟာ သခင်ဆိုတာကို အကြောင်းပြဖို့အတွက် အဲဒီလိုကိုက်ခဲ့တာဖြစ်ပါတယ်။လူအများကြီးအပေါ်မှာ သက်ရောက်မှုရှိတဲ့ အကြောင်းကိစ္စတစ်ခုကလည်း သတင်းဖြစ်ပါတယ်။ အဲ့ဒီသတင်းမျိုးကတော့ အိမ်တွေ၊ သီးနှံတွေ ပျက်စီးကုန်တဲ့ ရေလွှမ်းမိုးမှုမျိုး သတင်းပါ။ နောက်သတင်းကတော့ ဓာတ်ဆီဈေးတက် သွားတာမျိုးသတင်းပါ။ သတင်းမှာက အချိန်ကိုက်ဖြစ်ဖို့လည်းလိုပါတယ်။

သတင်းစာဆရာတစ်ယောက်အနေနဲ့ မန္တလေးနေ့စဉ်သတင်းစာကို (၂၇)နှစ်တာ ဖြတ်သန်းလာတဲ့ခရီးမှာ အသက်(၂၇)နှစ်ရှိတဲ့ သက်ရှိလူသာဆိုရင် အိမ်ထောင်တွေကျ သားသား၊ မီးမီးတွေနဲ့ပျော်စရာမိသားစုဘဝကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီတော့မန္တလေးနေ့စဉ် သတင်းစာမှာ သတင်းစာနေ့စဉ်ထွက်ရှိဖို့ ဆောင်ရွက်နေတဲ့ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနက ဌာနမှူးနှင့်တကွ ဝန်ထမ်းများက မိသားစုသဖွယ်ဖြစ်နေပြီဖြစ်ပါတယ်။ယခုလည်း မန္တလေးနေ့စဉ်သတင်းစာ(၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့မှာ မိသားစုသဖွယ် ပျော်ရွှင်စွာနဲ့ဖြတ်သန်းဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ထပ်အကြောင်းအရာတစ်ခုကို တင်ပြလိုပါတယ်။ ဒါကတော့ မန္တလေးနေ့စဉ်သတင်းစာတိုက်ကို သတင်းစာမထွက်မီနှင့်သတင်းစာထွက်ပြီးချိန်တွင် ဝန်ထမ်းအင်အားများထပ်မံတိုးမြှင့်ခန့်ထားခဲ့ပါသေးတယ်။ ထူးခြားချက်အနေနဲ့ အရင်ထဲက မြို့တော်ဝန်ဗိုလ်မှူးကြီးစိန်ဝင်းအောင်နှင့် သတင်းလိုက်ခဲ့ကြတဲ့ သတင်းအဖွဲ့ကိုလည်း သတင်းစာမထွက်မီ သတင်းစာတိုက်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့တဲ့အထဲမှာ သတင်းထောက်လိုအပ်ချက်အရ ကိုနန္ဒနဲ့ ကိုစောထွန်းလင်းတို့ကိုပါ သတင်းစာတိုက်ဝန်ထမ်းအင်အားစာရင်းတွင် ပါဝင်လာခဲ့ပါတယ်။ သတင်းစာတိုက်မှာ သတင်းစာထွက်ပြီး ဝန်ထမ်းအချို့ကို လိုအပ်ချက်အရ ထပ်မံခန့်ထားရာမှာ ဦးကိုကိုနိုင်(ယခု အယ်ဒီတာ)၊ ဦးခင်မောင်အေး၊ ဦးမိုးဟိန်းထွန်း(ယခုဌာနစုမှူး)၊ ဦးဝင်းထူးအောင်၊ ဒေါ်ဝင်းမာ၊ ဒေါ်နီနီတွတ်တွတ်၊ ဦးစိုးနိုင်ဦး(ယခုအကြီးတန်းသတင်းထောက်)၊ ဒေါ်မွန်မြတ်သူ၊ ဒေါ်အေးအေးသက်တို့ကို ထပ်မံခန့်အပ်ခဲ့ပါတယ်။ ဝန်ထမ်းအချို့ ကျန်ကောင်းကျန်ပါလိမ့်မယ်။ ဒါကျွန်တော်မှတ်မိတဲ့ဝန်ထမ်းအချို့ရဲ့အမည်များဖြစ်ပါတယ်။

မန္တလေးနေ့စဉ်သတင်းစာ အတွဲ(၁)၊ အမှတ်(၁) တစ်ရက်စာ သတင်းစာထုတ်ဝေမှုကို ပြန်လည်တင်ပြလိုပါတယ်။ သတင်းဦး၊ သတင်းထူးတွေနဲ့ မန္တလေးနေ့စဉ်သတင်းစာသတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းတွေနဲ့ပြီးပြည့်စုံတဲ့ တစ်ရက်စာကို စာမျက်နှာအလိုက်ဖော်ပြတဲ့နေရာမှာ ပြီးခဲ့တဲ့အပတ်က မျက်နှာဖုံးစာမျက်နှာ၊ စာမျက်နှာ ၁၂၊ ကျောဖုံး နဲ့ စာမျက်နှာ ၂၊ နိုင်ငံတကာ သတင်းနှင့်အတူ ဆရာတွတ်တွတ်ရဲ့ကာတွန်းလည်း ပါရှိပါတယ်။ သတင်းစာစာမျက်နှာ ၃မှာတော့ သက္ကရာဇ် ၂၀၉၂ ခုနှစ် ရှမ်းအမျိုးသားနှစ်သစ်ကူး ပွဲတော်ကျင်းပ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လှန်းမောင်အား ရှမ်းရိုးရာအကမျိုးစုံဖြင့် ဖျော်ဖြေ သတင်းနှင့်အတူ သတင်းစာမျက်နှာအညွှန်းများ ပါရှိခဲ့ပါတယ်။ စာမျက်နှာ ၄ မှာတော့ ဆရာနတ်မောက်ထွန်းရှိန်၏ အယ်ဒီတာ့အာဘော်အဖြစ် မန္တလေးမြို့ဂုဏ်ဆောင် မန္တလေးနေ့စဉ်ပေါ်ထွန်း၊ တိုင်းကျိုးပြည်ပြုသတင်းစာအဖြစ်ရေးသား ရပ်တည်မည်ဟု ဖော်ပြပါရှိပါတယ်။

ထပ်မံ၍ သတင်းများအနေနဲ့ မန္တလေးငါးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များ ညှိနှိုင်းစည်းဝေး၊ မန္တလေးစာဆိုတော်နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆုံးဖြတ်သတင်း ခေါင်းတပ်ဖော်ပြပေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အခန့်သင့်တုန်း စာနယ်ဇင်းအကြောင်းကို ဖော်ပြလိုပါတယ်။ 'စာ' သည် နေ့စဉ်ထုတ်သတင်းစာ၊ 'နယ်' သည် အပတ်စဉ်ထုတ်ဂျာနယ်၊ 'ဇင်း' သည် လစဉ်ထုတ်မဂ္ဂဇင်းအဖြစ် ဖော်ပြလိုပါတယ်။ ဆက်လက်ပြီး စာမျက်နှာ ၄မှာ ရပ်ကွက်ရုံးဆိုင်းဘုတ်တင်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံများ စိတ်ဝင်တစားကြည့်ရှုသတင်း ခေါင်းတပ်ဖော်ပြခဲ့ပါတယ်။ နောက်ထပ်ကြေညာချက်ပါ မန္တလေးတိုင်း မှူခင်းကျဆင်းရေးကော်မတီ၏ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်၍ ဒုစရိုက်သမားများကို ဖော်ထုတ်ပြီး ထိရောက်သော ပြစ်ဒဏ်များ ချမှတ်လျက်ရှိပါသည်။ မန္တလေးတိုင်းအတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ။ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကူညီကြပါ။ အောက်ပါဖုန်းနံပါတ်များကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆက်သွယ်သတင်းပို့ကြပါရန် အစရှိသည်တို့ ဖော်ပြပါရှိသည်။ စာမျက်နှာ ၅ အနေနဲ့ သတင်းခေါင်းစဉ်များကတော့ လမ်းတံတားစီမံချက်လုပ်ငန်းဖွင့်ပွဲကျင်းပ၊ ကန့်ဘလူမြို့ စည်ပင်သာယာလမ်းများပြုပြင်သတင်း၊ မြို့ရွာကျောင်းလမ်းဈေးသန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်သတင်း၊ (၅၃)ကြိမ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ပညာရည်ချွန်ဆုရရှိသူများချီးမြှင့်သတင်း၊ ငါန်းဇွန်မြို့နယ် ရဲကင်းအမှတ်၂ ဖွင့်သတင်း၊ ကျေးရွာပြည်သူများသွားလာမှု လွယ်ကူစေရေး စီစဉ် နန္ဒာကျေးရွာအုပ်စု ဘူတာရုံသစ်ဖွင့်ပွဲကျင်းပသတင်း၊ ကွင်းဆင်းလေ့လာခေါင်းစဉ်တပ်ထားတဲ့ သတင်း၊ ငွေချည်ဂွမ်းဝယ်ယူရေးတာဝန်ပေးသတင်းများဖော်ပြပါရှိပါတယ်။

စာမျက်နှာ ၆ ကတော့ မန္တလေးမြို့ပေါ်သတင်းများဆိုပြီး စာမျက်နှာအလယ်မှာ သီးသန့်ခေါင်းစဉ်ပေးထားတဲ့ သတင်းတွေကတော့ အ.ထ.က ၁၄ ကထိန်ကျင်းပ၊ နဂါးပရိယတ္တိစာသင်တိုက်သို့ လှူဒါန်းသတင်း၊ ထပ်မံ၍ အထက်ချင်းတွင်းအသင်းနှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုရသူများအား ဆုများချီးမြှင့်သတင်း၊ စိမ်းလန်းစိုပြည်ရေးကြည့်ရှုစစ်ဆေးသတင်း၊ မန္တလေးတိုင်းအမျိုးသမီးရေးရာဆိုင်ရာ ပညာပေးဟောပြော၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်သတင်း၊ တိုင်းကျောင်းသားအားကစားပွဲခြင်းလုံးခတ်ပြိုင်သတင်း၊ အမျိုးသားနေ့အထိမ်းအမှတ် နေ့ချင်းပြီး ဘောလုံးပြိုင်၊ ပထမဆုရအသင်းအား ငွေကျပ် ၇၀၀၀ နှင့် ဆုဖလားချီးမြှင့်သတင်းမှာ ငွေကျပ် ၇၀၀၀ ဆိုတာ ၁၉၉၇ ခုနှစ်လောက်က ဆုရရှိသူတွေအတွက် တော်တော်တန်ကြေးရှိတဲ့ ငွေဖြစ်ပါတယ်။

တနင်္ဂနွေ အချပ်ပိုကဏ္ဍလည်း သတင်းစာစတင်ထုတ်ဝေတဲ့နေ့မှာ ဖော်ပြပါရှိပါသေးတယ်။ အချပ်ပိုကဏ္ဍမှာတော့ ဆောင်းပါးအဖြစ် အချပ်ပို(က)မှာ ဆရာရွှေရိုး(မန္တလေး)၏ မြို့တော်ခန်းမကပြောသော သမိုင်းဆောင်းပါး၊ အချပ်ပို(ခ)မှာတော့ ဆရာနတ်မောက်ထွန်းရှိန်ရဲ့ ပြည်သူ့စာကြည့်တိုက်နှင့် ဒီးပိုးလမ်းသို့ အလွမ်းနှင့်အတူ တစ်မျက်နှာထဲ ဖော်ပြပါရှိတဲ့ ကာတွန်းကတော့ ဆရာကံချွန်ရဲ့မန္တလေးနေ့စဉ်စာဆိုတော်နေ့ဟု ဖော်ပြပါရှိပါတယ်၊ အချပ်ပို(ဂ)မှာတော့ ဆရာမာဃိန္ဒ(ပုသိမ်ကြီး)ရဲ့ မန္တလေးနေ့စဉ်နှစ်ပေါင်းကြာရှည် တည်ပါစေ ဆောင်းပါးနဲ့အတူ ပိုးတန်းရပ်ကွက် ဆိုင်းဘုတ်တင်သတင်း၊ ယူနီဆက်မှ ထောက်ပံ့သော ဗလာစာအုပ်များပေးအပ်သတင်းနှင့်အတူ အာဟာရတိုက်ကျွေးအစရှိသည့် သတင်းများနှင့်အတူ တနင်္ဂနွေအချပ်ပိုကဏ္ဍကို ဝေဝေဆာဆာ အလှဆင်ထားပါတယ်။ ဆက်လက်ပြီး စာမျက်နှာ ၇ မှာတော့ ကုန်ဈေးနှုန်းသတင်းလွှာသတင်း၊ မြေနှင့်တိုက်လှူဒါန်းပွဲခမ်းအနားကျင်းပ ပရိယတ္တိသာသနဟိတအသင်းဥက္ကဋ္ဌ လက်ခံသတင်း၊ စံပြစက်မှု မြို့သစ်စက်မှုပစ္စည်းဆိုင်များ ဦးရာလူစနစ်ဖြင့် ရောင်းချပေးလျက်ရှိသတင်း၊ စက်မှုလက်မှုသိပ္ပံ ကျောင်းအာစရိယပူဇော်ပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်သတင်း၊ မွေးနေ့အထိမ်းအမှတ် အာဟာရကျွေးမွေးသတင်း၊ ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ပေါ် ပန်းဂေါ်ဖီထုပ်များ တွင်ကျယ်စွာ ရောင်းချသတင်း၊ မုန့်တိုင်ဇရပ်ကြီးရတနာအုတ်မြစ်စီသတင်းနှင့်အတူ မန်းအလှဆင်ကျုံးရေပြင်က ကြည်လင်သန့်ရှင်းနှမ်းလျှကင်းစေဆိုတဲ့ ဆောင်ပုဒ်လည်း ဖော်ပြပါရှိပါတယ်။ ထပ်မံ၍ စာမျက်နှာ ၈ မှာတော့ ဆရာကြည်မြရဲ့ မန္တလေးသတင်းစာကို ကြိုဆိုပါ၏ ဆောင်းပါးနှင့်အတူ အမြို့မြို့အနယ်နယ်သတင်းများအနေနဲ့ကတော့ ၇၄၇ မိုးစပါးများ နေ့ချင်းပြီး ရိတ်သိမ်းခြွေလှေ့စပါးသစ်ဆန်သစ် ဆန်ဈေးကျဆင်း ဆိုတဲ့သတင်း၊ မိုးနှောင်းငွေချည် ဂွမ်းစိုက်ပျိုးမှုအောင်မြင် စစ်ကိုင်းခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ကွင်းဆင်းကြည့်ရှုသတင်း၊ (၅၃)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ရည်ညွှန်းကျပန်းစကားပြောပြိုင်ပွဲကျင်းပ ဆုများ ချီးမြှင့်သတင်း၊ အလှူငွေပေးအပ်ပွဲ တောင်ငူမြို့၌ ကျင်းပ အမျိုးသမီးရေးရာဆွေးနွေးအစီရင်ခံစာ ဖတ်ကြားသတင်းနှင့်အတူ အမျိုးသားနေ့ ဂုဏ်ပြု သန့်ရှင်းသတင်းတို့ကို ဖော်ပြပါရှိပါတယ်။ ဆက်လက်ပြီး စာမျက်နှာ ၉ကတော့ ဂရန်မြေကြော်ငြာစာနှင့်အတူ အခြားကြော်ငြာများလည်း ဖော်ပြပါရှိပါတယ်။ စာမျက်နှာ ၁၀နှင့် ၁၁ တို့က ကြော်ငြာစာမျက်နှာများဖြစ်ပါတယ်။ ဒါ့ပြင် မန္တလေးနေ့စဉ်သတင်းစာအတွဲ ၁၊ အမှတ် ၁ မှာ ထူးခြားချက်အနေနဲ့ သတင်းစာကြော်ငြာ အချပ်ပို ၅ မျက်နှာဖော်ပြပါရှိခဲ့တာ တွေ့ရတဲ့အတွက် မန္တလေးနေ့စဉ်သတင်းစာကို ကြော်ငြာရှင်တွေကော မန္တလေးမြို့နဲ့နယ်မြို့တွေက စာဖတ်ပရိသတ်တွေ စိတ်ဝင်စားတာတွေ့ရတဲ့အတွက် (၂၇)နှစ်မြောက် မန္တလေးနေ့စဉ်သတင်းစာအား ယခုဆောင်းပါးနဲ့ ဂုဏ်ပြုအပ်ပါတယ်။



(ဆက်လက်ဖော်ပြပါမည်)

## စင်ကာပူဝန်ကြီးချုပ်နှင့် ထိုင်းဝန်ကြီးချုပ်တို့ နှစ်ဦး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီ



**စင်ကာပူ နိုဝင်ဘာ ၂၉**

စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းနှင့် ထိုင်းဝန်ကြီးချုပ် ပေတုန်တန်ရှီနာဝါထရာတို့ နှစ်ဦး နိုဝင်ဘာ ၂၈ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၌ တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာဗွန်ထုတ်လွှတ်မှု၊ အစားအစာ ဘေးကင်းလုံခြုံမှုတို့နှင့် ပတ်သက်၍ စင်ကာပူနှင့် ထိုင်း ပူးပေါင်းဆောင်ရွက်သွားရန် ၄င်းတို့နှစ်ဦး သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

စီးပွားရေးနယ်ပယ်တွင် မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားနိုင်ရန်မျှော်လင့်မိကြောင်း ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်း ထုတ်ဖော်ပြောကြားသည်။

ထိုင်းနိုင်ငံအနေဖြင့် ဟိုက်ဒရိုဂျင်နှင့် ဇီဝလောင်စာကဲ့သို့သော စိမ်းလန်းစွမ်းအင်ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အလေးထားလုပ်ဆောင်လျက်ရှိရာ နှစ်နိုင်ငံစလုံးအတွက် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာနိုင်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းအနေဖြင့် ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ထိုသို့ ဆွေးနွေးညှိနှိုင်းသဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်မသုံးရ ဥပဒေကြမ်း ဩစတြေးလျပါလီမန်က မဲခွဲအတည်ပြုလိုက်ပြီ

**ကင်ဘာရာ နိုဝင်ဘာ ၂၉**

အသက် ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်မသုံးရ ဥပဒေကြမ်းကို ဩစတြေးလျပါလီမန်က နိုဝင်ဘာ ၂၈ ရက်တွင် မဲခွဲအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်နှင့် တစ်တော့စသော လူမှုကွန်ရက်များကို ကလေးသူငယ်များ မသုံးစေရန် ပိတ်ပင်တားမြစ်လိုက်သော ဥပဒေကြမ်းဖြစ်သဖြင့် ကလေးအခွင့်အရေးတောင်းဆိုသူများက ကန့်ကွက်နေကြသည်။

ကလေးများ ဆော့ကစားရမည့်အချိန်တွင် လူမှုကွန်ရက်ထဲ၌ အချိန်ဖြုန်းတီးမနေစေရန် ယင်းဥပဒေပြဋ္ဌာန်းရမည်ဟု ဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်က စည်းရုံးလှုံ့ဆော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



နှစ်နိုင်ငံ နယ်ခြားလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် ဗြိတိန်နှင့် အီရတ် ပြည်ထဲရေးဝန်ကြီးနှစ်ဦး ဘဂ္ဂဒက်မြို့တော်၌ ယမန်နေ့က သဘောတူလက်မှတ်ရေးထိုးနေကြစဉ်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အပစ်အခတ်ရပ်စဲမှု ဆက်လက်တည်တံ့နေသော်လည်း လက်ဘနွန်နယ်စပ်ကို သံသယဖြင့် အစ္စရေး စောင့်ကြည့်

**ဂျေရုဆလင် နိုဝင်ဘာ ၂၉**

အစ္စရေး-ဟစ်ဇဘိုလာ ယာယီအပစ်အခတ်ရပ်စဲမှု နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်တည်တံ့နေသော်လည်း လက်ဘနွန်နယ်စပ်ကို သံသယဖြင့် အစ္စရေးစောင့်ကြည့်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းအပစ်အခတ်ရပ်စဲမှု ဒုတိယနေ့တွင် အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်တောင်ပိုင်းသို့ လေကြောင်းတိုက်ခိုက်မှုအချို့ ပြုလုပ်ခဲ့သည်။

ဟစ်ဇဘိုလာ ပြောက်ကျားများ၏ လက်နက်တိုက်များကို မိမိတို့ ပစ်ခတ်ရှင်းလင်းခဲ့ခြင်းသာဖြစ်သည်ဟု အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောခွင့်ရသူက ထုတ်ဖော်ပြောကြားသည်။

အပစ်အခတ်ရပ်စဲမည်ဟုပြုခဲ့သော ကတိကဝတ်ကို အစ္စရေးဘက်က စတင်ဖောက်ဖျက်ရာရောက်သဖြင့် မိမိတို့ကလည်း ဆက်လက်စောင့်ကြည့်နေသည်ဟု လက်ဘနွန်အစိုးရဘက်က သတိပေးခဲ့ကြောင်း သိရသည်။

Mon





## ဂူဂဲလ်မြေပုံအညွှန်းကို ယုံစားမိခဲ့သော ကားတစ်စီး အိန္ဒိယနိုင်ငံ၌ မြစ်ထဲထိုးကျ လူ သုံးဦး သေဆုံးခဲ့ရ

**ဒေလီ နိုဝင်ဘာ ၂၉**

ဂူဂဲလ်မြေပုံအညွှန်းကို ယုံစားမိခဲ့သောကားတစ်စီး အိန္ဒိယနိုင်ငံ၌ ယမန်နေ့က မြစ်ထဲထိုးကျပြီး လူသုံးဦး သေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥတ္တာပရာဒက်ရှ်ပြည်နယ် တစ်နေရာ၌ ဖြတ်သန်းမောင်းနှင်လာသော ထိုကားသည် ဂူဂဲလ်မြေပုံအညွှန်းအတိုင်း မြစ်ကိုကူးဖြတ်ရန် မြစ်ကူးတံတားပေါ်တက်လာခဲ့ရာမှ ပြုပြင်နေဆဲဖြစ်သဖြင့် တစ်ဖက်ကမ်းသို့မရောက်ဘဲ မြစ်ထဲထိုးကျသွားခဲ့ခြင်း ဖြစ်သည်။

ထိုအမှုနှင့် ပတ်သက်၍ အိန္ဒိယရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင် ဂူဂဲလ်ကုမ္ပဏီက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

## အစိုးရနှင့် ပုဂ္ဂလိကကျောင်း ဆရာ၊ ဆရာမများ အင်ဒိုနီးရှားနိုင်ငံတွင် လစာတိုးမြှင့်ခံစားရမည်

**ဂျကာတာ နိုဝင်ဘာ ၂၉**

အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် များမကြာမီ လစာတိုးမြှင့်ခံစားရတော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ရှေ့လာမည့်နှစ် အစိုးရအသုံးစရိတ်များချမှတ်ရာတွင် ပညာရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံနှင့် ညီမျှသော ရူပီယာ ၈၂ ဒသမ ၆ ထရီလီယံအထိ တိုးမြှင့်သုံးစွဲခွင့်ပြုသွားမည်ဟု နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သည့် မလေးရှားနိုင်ငံလုံးဆိုင်ရာ ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတစ်ခုတွင် အတည်ပြုပြောကြားခဲ့သည်။

အင်ဒိုနီးရှား ဆရာ၊ ဆရာမတစ်ဦး အနေဖြင့် တစ်လလျှင် လစာ ရူပီယာ ၃ ဒသမ ၇၅ သန်းမှ ၅ ဒသမ ၅ သန်းအထိ ရရှိကြပြီး လာမည့်နှစ်တွင် ဆရာဖြစ်လက်မှတ်ရပြီး အချိန်ပိုင်းတာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများပါမကျန် ထပ်ဆောင်းချီးမြှင့်ငွေများ ခံစားရမည့်သဘောဖြစ်ကြောင်း သိရသည်။

Mon



## မလေးရှားနိုင်ငံရှိ ပြည်နယ်အများစုတွင် ရေကြီးနေ၊ လူ သုံးဦး သေဆုံးပြီး ထောင်နှင့်ချီ၍ ရွှေ့ပြောင်းခဲ့ရ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၉**

မလေးရှားနိုင်ငံရှိ ပြည်နယ်အများစုတွင် ရေကြီးနေသဖြင့် ထိုရေကြီးမှုကြောင့် လူ သုံးဦး သေဆုံးပြီး ထောင်နှင့်ချီ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းဒေသတွင် နှစ်စဉ် အောက်တိုဘာလမှ မတ်လအထိ ရေကြီးလေ့ရှိသော်လည်း ယခုနှစ်တွင် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့သဖြင့် ရေကြီးမှုအခြေအနေဆိုးရွားခဲ့ခြင်း ဖြစ်သည်။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခွင့်လုံးဝမယူဘဲ ရေဘေးသင့်သူများရှိသော အောက်ခြေအထိ ဆင်းပြီး အများပြည်သူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်မ်က နိုဝင်ဘာ ၂၉ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်တွန်းပြောကြားသည်။

၁၀ နှစ်ခန့်အတွင်း အဆိုးရွားဆုံးဖြစ်သည်ဆိုသော ထိုရေဘေးတွင် သက်ဆိုင်ရာက ရေဘေးသင့်သူပေါင်း ၉၄၇၇၈ ဦးတို့ကို ယာယီခိုလှုံရေးစခန်း ၅၂၇ ခုသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မလေးရှားအစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင်ပေါင်း ၈၂၀၀၀ ကျော်တို့နှင့် ကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ညွှန်ကြားထားကြောင်း သိရသည်။

Mon



STOP AIDS

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၇၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်၏ အရှေ့ဘက်ခြမ်း၊ ဧရိယာ(၁၈×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်ဝင်းရီအမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို(၆-၅-၂၀၁၀)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမာ(ဘ) ဦးညီပု(၉/သစန(နိုင်)၀၉၆၉၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ မဟာဓေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၁၄)တွင် တည်ရှိသော ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၂၂၉)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီ(၁)ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်မျိုးဝင်း(၉/မရမ(နိုင်)၀၂၈၂၁၇)၊ ဦးဘုန်းဖြိုးကံညွန့်(၉/မနမ(နိုင်)၁၁၁၀၃၃)၊ ဒေါ်သွဲ့ဖြိုးကံညွန့်(၉/ခအဇ(နိုင်)၀၀၂၄၃၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၂၁)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ ခနဲ့ကျေးရွာအုပ်စု၊ ကုလားရွာကျေးရွာနေ ဒေါ်အယ်လီစန်း(ဘ)ဦးဖရန်စစ္စကို(၉/အမရ(နိုင်)၀၄၀၁၄၉)၊ ဒေါ်လှသဇ္ဈာဦး(ဘ)ဦးဝင်းအောင်(၉/အမရ(နိုင်)၁၅၈၉၆၃)၊ ဒေါ်နှယ်နီအောင်(ဘ)ဦးဝင်းအောင်(၉/အမရ(နိုင်)၁၄၀၄၁၀)တို့မှ အမရပူရမြို့နယ်၊ မြစ်လောင်းကျေးရွာ ဦးဝင်းထွန်းအောင်(ဘ)ဦးထွန်းရွှေ(၉/အမရ(နိုင်)၁၁၆၂၄၈)အား(၁၅-၁၀-၂၀၂၄)ရက်တွင် နိုတြီပဗ္ဗလစ်ရှေ့နေ ဦးမြလှိုင်၏ရှေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-DOC No. ၆၉၃၁/၂၀၂၄ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခဲ့ရာ ဤကြေညာပါသည့်ရက်မှစ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-DOC No. ၆၉၃၁/၂၀၂၄ အား ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သွယ်မာဝင်း** | **ဦးလွင်နိုင်စိုး** |

**တရားလွှတ်တော်ရှေ့နေများ**
**ခနဲ့ကျေးရွာ၊ အမရပူရမြို့နယ်။ ဖုန်း ၀၉-၄၄၄၄၈၅၁၃၈၊ ၀၉-၂၆၅၆၁၁၈၈၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်။ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(ခ)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(ခ/၂၅၇)၊ အကျယ်(၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကျော်ခိုင်အမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သိမ့်သိမ့်ဝင်း(ဘ)ဦးတင်ဝင်း(၉/မဟမ(နိုင်)၀၀၇၇၁၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၈)တွင် တည်ရှိသော ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးတင်မောင်အေး(၅/ပလန(နိုင်)၀၅၇၁၁၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁/၇-ခ)နေ ဒေါ်ငိုင်ရနင်(ဘ)ဦးရန်ခိုဟင်း(၅/တမန(နိုင်)၀၀၀၆၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်မှ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်တွင် ဝယ်ယူထားသည့် ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(မမ-၂၅)၊ မြရည်နန္ဒာအိမ်ရာ(၄)ခန်းတွဲ(၆)ထပ်၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁)၊ မြေညီထပ်အခန်းအမည်ပေါက် ဒေါ်မြတ်မြတ်ခိုင်(ဘ)ဦးအုန်းမောင်(၉/အမရ(နိုင်)၀၀၃၈၁၄)တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်ကို အမည်စာရင်းသွင်းနိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ သွားရောက်၍ အမည်စာရင်းသွင်းစာအုပ် ထပ်ပေးမည်ဆိုပြီး ဒေါ်တင်မိုးလွင်(ဘ)ဦးမြမောင်(၁၃/မဘန(နိုင်)၀၁၅၉၂၆)မှ ယူဆောင်သွားခဲ့ပါသည်။

ထို့နောက် တိုက်ခန်းပိုင်ဆိုင်မှု မူရင်းစာအုပ်ကို ဒေါ်တင်မိုးလွင်ထံပေးလိုက်ပြီးနောက် ကျွန်ုပ်အမှုသည်က အချိန်ကြာမြင့်နေ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ သွားရောက်စုံစမ်းကြည့်ရာတွင် အမည်စာရင်းရေးသွင်းရန်အတွက် ဒေါ်မြတ်မြတ်ခိုင် အမည်ပေါက် တိုက်ခန်းစာအုပ်ထပ်ထားခြင်းတို့ သေချာစွာမသိရ၍ ပျောက်ဆုံးသွားသည်ထင်၍ (၁၄-၇-၂၀၂၄)ရက်တွင် သက်ဆိုင်ရာ ရပ်ကွက်ရုံးထောက်ခံစာ၊ (၂၉-၇-၂၀၂၄)ရက်တွင် သက်ဆိုင်ရာရဲစခန်းထောက်ခံစာများ ရယူခဲ့ပြီး (၂၈-၈-၂၀၂၄)ရက်တွင် မန္တလေးနေ့စဉ်သတင်းစာတွင် ကျွန်ုပ်အမှုသည်မှ တိုက်ခန်းပိုင်ဆိုင်မှုစာအုပ် ထပ်မံထုတ်ယူခွင့်နှင့်ပတ်သက်၍ ကန့်ကွက်ကြေညာစာထည့်သွင်းကြေညာခဲ့ပါသည်။

ထိုသို့ မန္တလေးနေ့စဉ်သတင်းစာတွင် ကြေညာထည့်သွင်းပြီးနောက် (၁၀-၁၀-၂၀၂၄)ရက်တွင် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးရုံးမှ ကျွန်ုပ်အမှုသည်ပိုင်ဆိုင်သည့် တိုက်ခန်းစာအုပ်ပေါင်နှံထားသည်နှင့်ပတ်သက်၍ ရှင်းလင်းရန် ဆက်သွယ်ပြောကြားခဲ့၍ သွားရောက်ရှင်းလင်းခဲ့ရပါသည်။

ကျွန်ုပ်အမှုသည် သည် တိုက်ခန်းအမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်မူရင်းအဆက်ဆက်၊ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်စာမူရင်းအဆက်ဆက်တို့ဖြင့် တိုက်ခန်းလက်ရှိထားနေထိုင်နေသူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်မှ တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်အား မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်းတို့ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ကျွန်ုပ်အမှုသည်၏ တိုက်ခန်းစာအုပ်အား ဒေါ်တင်မိုးလွင်မှ လိမ်လည်၍ ယူဆောင်ပေါင်နှံသွားသည့်ကိစ္စမှာ ကျွန်ုပ်အမှုသည်နှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိသည့်အပြင် တာဝန်ယူဖြေရှင်းပေးရန်လည်းမရှိပါကြောင်းနှင့် ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(မမ-၂၅)၊ မြရည်နန္ဒာအိမ်ရာ(၄)ခန်းတွဲ(၆)ထပ်၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁)၊ မြေညီထပ်အခန်း အမည်ပေါက် ဒေါ်မြတ်မြတ်ခိုင်(ဘ)ဦးအုန်းမောင်(၉/အမရ(နိုင်)၀၀၃၈၁၄)တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်အား အလွဲသုံးစားပြုခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ တရားဥပဒေများနှင့်အညီ ဆက်လက်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ငိုင်ရနင်** | **ဦးလှိုင်သူအောင် (LL.B,D.B.L)** |
| **(၅/တမန(နိုင်)၀၀၀၆၃၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၆၅/၂၀၁၇)** |
| | **ဖုန်း ၀၉-၉၆၉၉၄၉၇၅၀** |

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ စတီးဝင်းရပ်နေ ဒေါ်လှလှမြင့်၏ ခင်ပွန်း ဦးအောင်ကြည်စိုး(၅/စကန(နိုင်)၀၀၁၇၄၇)သည် မိသားစုအတွက် လက်ခံနိုင်ဖွယ်မရှိသော ကိစ္စရပ်များကို ပြောဆိုဆုံးမသည့်ကြားမှ အကြိမ်ကြိမ်ကျူးလွန်ခဲ့သောကြောင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော လူမှုကိစ္စအဝဝနှင့် ငွေရေးကြေးရေး အရှုပ်အရှင်းများကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်လှလှမြင့်(၉/ခမစ(နိုင်)၀၀၁၃၂၄)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၀)၊ ဦးပိုင်နံပါတ်(၃၁-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးပိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ခဲ့သူ (ခင်ပွန်း)ဦးခင်မောင်တင့် ကွယ်လွန်သွားသဖြင့် လက်ရှိ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စန်း(ဘ)ဦးဘထွန်း(၉/မနမ(နိုင်)၀၈၆၉၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၆)၊ ဦးပိုင်နံပါတ်(၃) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ (ပေ ၆၀ × ပေ ၄၀) အကျယ်အဝန်းရှိ ဦးမင်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စုစုမွန်(ဘ)ဦးကျော်စိန် (၉/ခမစ(နိုင်)၀၀၃၅၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၃)၊ ဦးပိုင်နံပါတ်(၄၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ (ပေ ၆၀ × ပေ ၄၀) အကျယ်အဝန်းရှိ ဦးမောင်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း (၄၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ငွေးဝင်း(ဘ)ဦးထွန်း(၉/မရတ(နိုင်) ၀၆၃၅၀၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၅၈)၊ ဦးပိုင်အမှတ်(၁၅)၊ ၄၈လမ်းနှင့်၄၉လမ်းကြား၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြတ်စိုး(၉/အမဇ(နိုင်)၀၁၅၀၅၁)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၀၃/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေဝင်းအောင် (၉/မနမ(နိုင်)၀၆၉၃၀၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၅၈)၊ ဦးပိုင်အမှတ်(၁၄)၊ ၄၈လမ်းနှင့်၄၉လမ်းကြား၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုတပ်ကြပ်ဘိုငွေ(၉/မနမ(နိုင်)၀၉၀၇၅၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၉/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေဝင်းအောင်(၉/မနမ(နိုင်)၀၆၉၃၀၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၉၇)၊ ၄၈လမ်းနှင့်၄၉လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဦးငယ် အမည်ပေါက် ဘောဂရန်မြေကွက်အား တရားလို ဒေါ်ခင်မိုးစိန်က တရားပြိုင် ဦးငယ်အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၃၄/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်မိုးစိန်(၉/မရတ(နိုင်)၀၀၂၀၅၅)က ဘောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကိုယ်ပိုင်ကျောင်း အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ ၁၄၀လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ လလ-၇၈/၂ နေ ဒေါ်သီရိကျော်(ဘ)ဦးမြင့်ကျော်(၉/မဟမ(နိုင်)၀၁၉၅၅၈)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ်(၃၃၈၂/၂၀၂၄)အရ**

အထက်တွင် ဖော်ပြထားသော **"BABY GARDEN" Private School Mandalay** ကိုယ်ပိုင်ကျောင်းမှ 'မူကြိုကျောင်းမှ အလယ်တန်းအထိ ကိုယ်ပိုင်ကျောင်းများဖွင့် သင်ကြားပေးခြင်းနှင့် ပညာရေးဝန်ဆောင်မှု' ကိုယ်ပိုင်ကျောင်း အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ ကိုယ်ပိုင်ကျောင်း အမည်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ် မှတ်ပုံတင်အမှတ်(၃၃၈၂/၂၀၂၄)အရ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကိုယ်ပိုင်ကျောင်း အမည်အမှတ်တံဆိပ်ဖြင့် 'မူကြိုကျောင်းမှ အလယ်တန်းအထိ ကိုယ်ပိုင်ကျောင်းများဖွင့် သင်ကြားပေးခြင်းနှင့် ပညာရေးဝန်ဆောင်မှု'တို့ကို အသုံးပြု ဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ လူအများယုံကြည်စိတ်ချစွာဖြင့် အပ်နှံလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်း အသုံးပြုဝန်ဆောင်မှုပေးလျက်ရှိသော **"BABY GARDEN" Private School Mandalay** ကိုယ်ပိုင်ကျောင်း အမည်အမှတ်တံဆိပ်ကို တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်၏ စရိတ်ငွေကြေးများ တောင်းခံနိုင်ရန် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်အေးသီဂီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၉၂၃၄)**
**၆၃(A)လမ်း၊ လမ်း၂၀နှင့် ၂၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**(ဖုန်း ၀၉-၄၀၂၆၀၀၂၆၃၊ ၀၉-၄၀၁၀၄၄၉၉၉)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ် (၁၄ + ၁၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၄၀ + ၀ ဒသမ ၀၂၇၃)ဧက အကျယ်အဝန်းရှိ ဦးတင်ထွဋ်လွင် အမည်ပေါက် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလီရှိုးစိန်(ဘ)ဦးလီကျိချန်(၁၃/လရန(နိုင်)၀၂၂၇၈၉) [၎င်း၏ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ရန်ချိဖိန်း(ခ)ဒေါ်ရန်ကွယ်စန်း(ဘ)ဦးရန်ဆီရှန်(ခ)ဦးကျိမှု(၁၃/လရန(နိုင်)၀၃၀၈၂၀)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဝေဖြိုးသူ (LL.B)** အထက်တန်းရှေ့နေ
**ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ကောင်းစုဝင်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄လမ်းနှင့် ၁၀၃လမ်းထောင့်၊ **KING'S VALLEY COMPANY LIMITED** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ်(၃၃၇၂/၂၀၂၄)**

**မှတ်ပုံတင်စာချုပ်အမှတ်(၂၃၃၈/၂၀၂၂)**

အထက်ဖော်ပြပါ **"KING'S VALLEY COMPANY LIMITED"** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ်အမှတ်(၃၃၇၂/၂၀၂၄)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး၊ **"King's Valley International School"** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ်အမှတ်(၂၃၃၈/၂၀၂၂)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ အဆိုပါကုန်အမှတ်တံဆိပ် အမှတ်အသား(လိုဂို)များကို အသုံးပြုပြီး ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီပိုင်ဖြစ်သော **"KING'S VALLEY COMPANY LIMITED"** အမှတ်တံဆိပ်နှင့် **"King's Valley International School"** အမှတ်တံဆိပ်တို့၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **"KING'S VALLEY COMPANY LIMITED"** ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးဟိန်းကိုကိုယု (B.Sc Forestry, PGDL)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၇-က)၊ ၁၁၅(အေ)လမ်းနှင့် ၆၀(စီ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၅၂၃၀၊ ၀၉-၉၇၇၂၉၂၄၂၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ပြည်တွင်းမှထုတ်လုပ်သည့် တာယာများဖြင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိပြီး တာယာနှင့်ကျွတ်များ ထုတ်လုပ်နေမှု၊ တာယာအရည်အသွေး စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ စက်ရုံမှူးကြီး ဦးကျော်ကျော်စိုးတို့က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှု၊

စာမျက်နှာ ၃ သို့ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၉

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။

မိုး/ဇလ